
Australian Government

TAX CUTS / 1 JULY 2024

# အခွန်ထမ်းတိုင်းအတွက် အခွန်လျှော့ချခြင်း



**ဩစတြေးလျနိုင်ငံတဝန်းမှာ လူအများသည် စားဝတ်နေရေးကုန်ကျစရိတ် ဖိအားများနှင့် ရင်ဆိုင်နေကြရပါသည်။ သို့ဖြစ်ပါ၍ ဩစတြေးလျအစိုးရက တစ်ဦးချင်းဝင်ငွေခွန်းနှုန်းထားများနှင့် သတ်မှတ်ချက်များကို အပြောင်းအလဲလုပ်ထားပါသည်။ 2024 ခုနှစ် ဇူလိုင်လ 1 ရက်နေ့မှစ၍ ဩစတြေးလျအခွန်ထမ်းတိုင်းကို အခွန်လျှော့ပေါ့ပေးမည်ဖြစ်သည်။**

## အခွန်လျှော့ပေါ့မှုဆိုသည်မှာ အဘယ်နည်း။

အခွန်လျှော့ပေါ့မှုက သင်ပေးချေရမည့် ဝင်ငွေခွန်ပမာဏကို လျှော့ချပေးပါသည်။

## အခွန်လျှော့ပေါ့မှုက သင့်အတွက် မည်သည့် အဓိပ္ပါယ် သက်ရောက်မည်နည်း။

အခွန်ထမ်းအများစုအတွက် ယင်းမှာ လစာထုတ်ရက်တိုင်းတွင် အခွန်လျှော့ဆောင်ရမည်ဖြစ်ပြီး သင့်ဝင်ငွေ ပိုတိုးလာမည်ဟူသည့် အဓိပ္ပါယ်ဖြစ်သည်။ အချို့သော အခွန်ထမ်းများသည် ဘဏ္ဍာရေးနှစ်အကုန်တွင် စည်းကြပ်မည့်ဝင်ငွေစာရင်း တင်ပြီး စီမံဆောင်ရွက်သည့်အခါ ၎င်းတို့၏ အခွန်လျှော့ချမှုကို လက်ခံရရှိပါမည်။

[taxcuts.gov.au/burmese](https://taxcuts.gov.au/burmese) ရှိ အခွန်ဖြတ်တောက်မှု ဂဏန်းတွက်စက်ကို အသုံးပြု၍ သင်၏ နှစ်စဉ်အခွန်လျှော့ပေါ့မှုကို ခန့်မှန်းနိုင်ပါသည်။

## ကျွန်ုပ် လုပ်ငန်းတစ်ခုပိုင်လျှင် မည်သို့ဖြစ်မည်နည်း။

သင်သည် ဝန်ထမ်းများခန့်အပ်ထားသော လုပ်ငန်းတစ်ခု ဖွင့်ထားပါက သင်သည် လစာထုတ်ရက်တိုင်းတွင် သင့်ဝန်ထမ်းများ၏ လစာထဲမှ ကျသင့်သည့်အခွန်ပမာဏ (PAYG) ဖြတ်တောက်ထားကြောင်း သေချာစေရန် လိုအပ်ပါမည်။

ထိုသို့ပြုလုပ်ရန် အလွယ်ကူဆုံးနည်းလမ်းမှာ သင့်လစာဆော့ဖ်ဝဲမှာ 2024 ခုနှစ် ဇူလိုင်လ 1 ရက်နေ့မှ နုတ်ယူထားရမည့်နှုန်းထားအသစ်များကို အသုံးပြုခြင်းရှိမရှိ စစ်ဆေးရန်ဖြစ်ပါသည်။ သင်သည် လစာဆော့ဖ်ဝဲအသုံးမပြုပါက မှန်ကန်သော PAYG လစာမှ နှုတ်ယူသည့်အခွန်ဇယားကို အသုံးပြု၍လည်း စစ်ဆေးနိုင်ပါသည်။

**သင့်ဘာသာစကားဖြင့် နောက်ထပ်အချက်အလက်များ ရှာဖွေရန် အောက်ပါ QR ကုတ်ကို စကန်ဖတ်ပါ။**

**ဘာသာစကားမျိုးစုံဖြင့် အချက်အလက်များ**

taxcuts.gov.au/burmese တွင် သင်၏အခွန်လျှော့ပေါ့မှုကို တွက်ချက်ပါ